# ကြေးမုံ
**The Mirror**

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-2-2011) (၆၆၇၀)


## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲလာ

ဒို့နိုင်ငံရဲ့ ရေ၊ မြေ၊ သဘာဝဟာ သွားရေးလာရေး ခက်ခဲလောက်အောင် မြင့်မားတဲ့ တောင်ကုန်းတောင်တန်းကြီးတွေ၊ မြောက်နဲ့တောင် အလျားလိုက် ရှည်လျားစွာ စီးဆင်းနေတဲ့ မြစ်ကြီးတွေနဲ့ ဖွဲ့စည်းထားတာဖြစ်တဲ့ အတွက် ဒို့တိုင်းရင်းသားတွေဟာ နီးလျက်နဲ့ဝေးခဲ့ရတယ်။ ဒါ့အပြင် သူတစ်ပါးလက်အောက်ခံဘဝကို ကျရောက်ခဲ့တဲ့ ကာလမှာ စနစ်တကျ သွေးခွဲအုပ်ချုပ်ခြင်းကို နှစ်ပေါင်းများစွာ ခံခဲ့ကြရတယ်။ တစ်ဦးအပေါ်တစ်ဦး သံသယတွေ ဝင်ခဲ့ကြတာမို့ လွတ်လပ်ရေးကြိုးပမ်းတဲ့ကာလမှာ ပြည်မနဲ့ တောင်တန်းဒေသ လွတ်လပ်ရေးကို အတူတကွယူကြဖို့ ဒို့ခေါင်းဆောင်တွေက အားစိုက်ခွန်စိုက် ကြိုးပမ်းခဲ့ကြရတာ ဖြစ်တယ်။

လွတ်လပ်ရေးရပြီးတဲ့အခါကျတော့လည်း အချင်းချင်း သံသယစိတ်တွေပြင်းထန်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ ရောင်စုံသောင်းကျန်းသူတွေ ပေါ်ပေါက်ခဲ့ပြန်တယ်။

ဒါကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရတဲ့ကာလအတွင်းမှာ ကားလမ်းတွေ၊ ရထားလမ်းတွေနဲ့ လေယာဉ်ကွင်းတွေကို ပြည်နယ်အသီးသီးအထိ အရှေ့အနောက်၊ တောင်မြောက်ယုက်သွယ်ပြီး ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်တယ်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာတာနဲ့အညီ တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲလာရုံသာမက ပြည်နယ်တွေရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်တယ်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ မိန့်ခွန်းမှ-

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

# ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၉) ဦးရှိသည့်အနက် (၆၅၈) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၈၅ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

၉-၂-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

## စိုက်ပျိုးထုတ်လုပ်မှု မြင့်မားအောင် ဖြည့်ဆည်းဖော်ဆောင်

နိုင်ငံအတွင်း စိုက်ပျိုးမြေဧကပေါင်း ၅၇ သန်းကျော်ရှိသည်။ မိုးစပါးဧက ၁၆ သန်းကျော်နှင့် နွေစပါးဧက သုံးသန်းကျော်စိုက်ပျိုးနေပြီ။ စပါးအထွက် တစ်နှစ်တင်းသန်းပေါင်း ၁၅၀၀ ကျော်နေပြီ။ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲတို့ကို ပြည်ပသို့ အများဆုံးတင်ပို့လျက်ရှိသည်။

နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းနေကြပြီ။ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို ရည်မှန်းချက်ထားရှိ ဖော်ဆောင်နေပြီ။ စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးကို ဦးစားပေး ဖြည့်ဆည်းပေးနေသည်။ နိုင်ငံတစ်ဝန်း ဆည်တမံ ရေထိန်းတံခါးပေါင်း နှစ်ရာကျော် တည်ဆောက်ပေးခဲ့ပြီ။

ယခုအခါ ဆည်ရေသောက်စိုက်ပျိုးမြေဧက နှစ်သန်းကျော်အထိရှိနေပြီ။ ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မှု၊ ဆည်ရေဖြန့်ဝေပေးနိုင်မှုကြောင့် စပါး၊ ဂျုံ၊ ပြောင်းစသည့် နှံစားသီးနှံများ၊ နှမ်း၊ မြေပဲ၊ နေကြာစသည့် ဆီထွက်သီးနှံများ၊ ဝါ၊ ဂုန်လျှော်၊ ကြံစသည့် စက်မှုကုန်ကြမ်းသီးနှံများနှင့် ပဲမျိုးစုံတို့ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

ပြည်တွင်းဝမ်းစာဖူလုံရုံမျှမက ပိုလျှံထွက်ရှိရေး၊ ဈေးကွက်ဝင်သီးနှံများ တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေဦးမည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး စီမံဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ၏ ပကတိဖြစ်ပေါ်နေမှုအခြေအနေများကို သိရှိနေရန်လိုအပ်သည်။ သီးနှံစိုက်ဧက၊ ရိတ်သိမ်းဧက၊ တစ်ဧကထွက်ရှိမှု၊ စုစုပေါင်းထွက်ရှိမှုတို့ တိကျမှန်ကန်ရေးသည် အရေးကြီးသည်။

သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြရပေမည်။ အထူးသဖြင့် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် နည်းစနစ်သစ်များနှင့် စိုက်ပျိုးရေးသွင်းအားစုများ အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေး ကူညီပံ့ပိုးပေးကြရမည်ဖြစ်သည်။

ယခုအခါ လယ်ယာကဏ္ဍတွင် တိုးတက်ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို အခါမလပ် ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ လယ်ယာစီးပွားကိုအခြေခံပြီး စက်မှုနိုင်ငံအဖြစ် အဆင့်ဆင့်တက်လှမ်းသွားနိုင်ရေး အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းကြရဦးမည်။ စိုက်ပျိုးရေးအခြေခံကောင်းများနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး ဘက်စုံ၊ ကဏ္ဍစုံက ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဦးခင်မောင်မြင့် ရောဝတီတံတား(မလွန်)တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီခွဲတွင် အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သက်တို့က တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားရက်မတင်ခြင်းလုပ်ငန်းများနှင့် ကြမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ အဓိကပစ္စည်းရရှိမှု၊ စက်၊ ယာဉ်၊ ယန္တရားများရရှိမှု၊ တံတားချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဧရာဝတီတံတား(မလွန်)မှ ပုသိမ်-မုံရွာကားလမ်းမကြီးအား ဆက်သွယ်သည့် လမ်းကြောင်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဝန်ကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရန်၊ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ လူအင်အား၊ စက်ယန္တရားအပြည့်ဖြင့် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန်၊ တံတားမှ ပုသိမ်-မုံရွာကားလမ်းမကြီးအား ဆက်သွယ်သည့်လမ်းကြောင်းကို အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် မိကျောင်းရဲဘက်ကမ်း ရေလယ်တိုင် $RP_1$ မှ $RP_{10}$အထိ ဘိုးပိုင်တူးခြင်းလုပ်ငန်း၊ ပိုင်တိုင်ထိပ်အုပ်လုပ်ငန်း၊ Cross Beam ကွန်ကရစ်သွန်းလောင်းပြီးစီးမှုအခြေအနေနှင့် တံတားတိုင် Shaft လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေတို့ကို လည်းကောင်း၊ မိကျောင်းရဲဘက်ကမ်းတံတားပေါ်၌ ရက်မတင်နေမှု၊ ကွန်ကရစ်ကြမ်းခင်းများခင်းပြီးမှု၊ ရထားလမ်းနှင့် ကားလမ်းတံတားတိုင်များ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် ကြမ်းခင်းလုပ်ငန်းများအတွက် သံဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ ဧရာဝတီတံတား(မလွန်)သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်) ကျေးရွာအနီး မိကျောင်းရဲ-ပဌနဂိုရ်ကားလမ်း မိုင်တိုင်အမှတ်(၁၁/၄)နှင့် (၁၁/၅)အကြား၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်၍ ပင်မတံတားအရှည် ၃၂၁၅ ပေ၊ ချဉ်းကပ်တံတား ကားလမ်းနှစ်ဖက်အရှည် ၂၆၂၄ ပေ၊ ချဉ်းကပ်တံတား ရထားလမ်းနှစ်ဖက်အရှည်ပေ ၃၉၃၀၊ ၈ လက်မရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ ပေစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ်ပေ ၂၃၀၊ အမြင့် ၅၇ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု သာစည်မြို့ ဇီဇဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဇီဇဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၇)ရပ်ကွက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**(အပေါ်ပုံ)**

အဆိုပါ ဇီဇဝါလမ်းကတ္တရာလမ်းသစ်သည် လမ်းအရှည်ပေ ၁၁၀၀ နှင့် လမ်းအကျယ် ၁၂ ပေရှိပြီး အဖွဲ့ရန်ပုံငွေ ကျပ် ၆၈ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အင်္ဂလန်မှ ချီးမြှင့်မည့် ဘာသာရပ်များအကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ရှင်းလင်းပြောကြားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

အင်္ဂလန်မှချီးမြှင့်မည့် Electrical and Electronic Engineering ဘာသာရပ်များ၊ Computer Network and Communication Technology ဘာသာရပ်များ၊ အင်ဂျင်နီယာဘွဲ့ရများအတွက် MBA ဘာသာရပ်နှင့် အလုပ်အကိုင် အခွင့်အလမ်းများအကြောင်းကို ဖေဖော်ဝါရီ ၁၁ရက်တွင် Summit Parkview Hotel၌ ကျင်းပမည့် Singapore Education Road Show 2011 တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားသူများ၊ ကွန်ပျူတာ ဆက်သွယ်ရေးနည်းပညာရပ်များကို စိတ်ဝင်စားသူများအတွက် ပညာရေးလမ်းကြောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရများအတွက် ဘွဲ့လွန်အင်ဂျင်နီယာစီမံခန့်ခွဲမှုဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားပေးမည်ဖြစ်သည်။ အဆိုပါ ဘွဲ့များကို Auston Institute of Management တွင် တက်ရောက်သင်ယူနိုင်ပြီး အင်္ဂလန်နိုင်ငံ Coventry University မှ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

Coventry University သည် အင်္ဂလန်ထိပ်တန်းတက္ကသိုလ် ၁၀၀ စာရင်းတွင် ပါဝင်ပြီး ၂၀၀၇ ခုနှစ်တွင် Queens Anniversary Prize, ၂၀၀၈တွင် Times Award for Entrepreneurial University of the Year, ၂၀၀၉တွင် "Excellent in Business" by Eduniversal (UK) ဆုနှင့် ၂၀၁၀တွင် Midlands Enterprising University of the Year ဆုများရရှိထားသော တက္ကသိုလ်ဖြစ်သည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ Diploma မှ စတင်တက်ရောက်နိုင်ပြီး City & Guild Electrical and Electronic Diploma လက်မှတ်ရရှိထားပါက Advance Diploma သို့ တိုက်ရိုက်တက်ရောက်နိုင်သည်။ မြန်မာနိုင်ငံမှ BE (Electronic) ကျောင်းသား၊ ကျောင်းသူများ၊ B.Engg (Hons) in Electrical & Electronic Engineering နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ Coventry University မှ ဒီဂရီကို ထူးချွန်စွာအောင်မြင်ပါက Nanyaung Technological University ကဲ့သို့ စင်ကာပူအစိုးရကျောင်းများ၌ Master လျှောက်ထားနိုင်သည့် အခွင့်အရေးများ ရရှိနိုင်သည်။

အသေးစိတ်မေးမြန်းနိုင်ရန်နှင့် ဆွေးနွေးပွဲတက်ရောက်ရန် CROWN Education, Summit Parkview Hotel အခန်း ၂၂၈-၂၂၉ ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ-၂၂၈၊ ၂၂၉နှင့် ဖုန်း-၀၉-၅၀၈၅၁၈၅တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## အထက(၃)ကမာရွတ် မြှတ်ဆရာပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

အထက (၃) ကမာရွတ် ၁၉၉၁ မှ ၂၀၁၀ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အသက်(၆၀)နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများအား မြှတ်ဆရာပူဇော်ပွဲကို မေ ၁ ရက်တွင် အဆိုပါကျောင်း ရွှေညီလာခန်းမ၌ကျင်းပမည်ဖြစ်သည်။ အပတ်စဉ် (တနင်္ဂနွေနေ့) တိုင်း နံနက် ၉နာရီခွဲတွင် ကျင်းပမည့် အစည်းအဝေးသို့ တက်ရောက်လှူဒါန်း အကြံပြုကြရန်နှင့် လှူဒါန်းလိုပါက မောင်ရန်နိုင်ဇော် ဖုန်း - ၅၃၈၈၁၆၊ မောင်မြတ်မင်းကျော် ဖုန်း-၀၉-၅၀၆၄၅၀၄၊ မောင်ကျော်ဇောထွန်း ဖုန်း-၅၃၀၈၂၉၊ ဒေါ်ဝေလွင် ဖုန်း-၀၉-၅၄၁၂၂၇၀၊ ဒေါ်ခင်ဌေး ဖုန်း-၅၃၅၉၉၄ နှင့် ကျောင်းအုပ်ဆရာမကြီး ဖုန်း - ၅၃၅၉၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဒီဇင်ဘာ ၂၇ ရက်က ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်းသုံးမိုင်၌ သာယာလှပရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဒေါင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

**မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု နတ်မင်းကြီးကျေးရွာနေ တောင်သူ ဦးထွန်းမြင့်၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးလုပ်ငန်း၏ အောင်မြင်တိုးတက်မှုများကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးသိန်းထွန်း၊ ဒုတိယကြီးကြပ်ရေးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများ ကွင်းဆင်းလေ့လာကြည့်ရှုစဉ်။** (၃၆၄)

## အထက(၁) မြောက်ဥက္ကလာ ထမနဲထိုးပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီတွင် ယင်းကျောင်း မေတ္တာရိပ်ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ကြပါရန်နှင့် သိရှိလိုပါက အဂ္ဂမဟာ သီရိသုဓမ္မဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ဦးချိုအေး ဖုန်း-၆၉၁၁၂၃၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ဦးချစ်အောင် ဖုန်း-၇၃၀၂၂၀၆၂၊ ဒေါ်လှသိန်း ဖုန်း-၆၉၁၁၈၂ နှင့် ဒေါ်ဆောင်းသီတာ ဖုန်း-၆၉၀၂၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ရန်ကုန်မြို့ သုနန္ဒာလမ်း ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာပမြို့နယ်နေ ဦးဝင်းဇော်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် တစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ မသန်စွမ်းသူများနှင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ရုံးခန်းသို့ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**❖ ရှေ့ဖုံးမှ**

ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးဒုတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၂၄) တို့နှင့်အညီတင်ပြသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်ကို (၃၄)ဌာနဖြင့် သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ယခုအစည်းအဝေး၌ တင်ပြခဲ့သည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါက ဖေဖော်ဝါရီ ၉ ရက်နေ့ အစည်းအဝေးတွင် ဆွေးနွေးနိုင်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၂၄)တို့နှင့်အညီတင်ပြသော ပြည်ထောင်စုဝန်ကြီးဦးရေကို (၃၀)ဦးဖြင့် သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ယခုအစည်းအဝေး၌ တင်ပြခဲ့သည့် ပြည်ထောင်စုဝန်ကြီးဦးရေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါက ဖေဖော်ဝါရီ ၉ရက်နေ့ အစည်းအဝေးတွင် ဆွေးနွေးနိုင်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန(၃၄)ဌာနမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကာကွယ်ရေးဝန်ကြီးဌာန
(၂) ပြည်ထဲရေးဝန်ကြီးဌာန
(၃) နယ်စပ်ရေးရာဝန်ကြီးဌာန
(၄) နိုင်ငံခြားရေးဝန်ကြီးဌာန
(၅) ပြန်ကြားရေးဝန်ကြီးဌာန
(၆) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၇) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(၈) ဆောက်လုပ်ရေးဝန်ကြီးဌာန
(၉) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(၁၀) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(၁၁) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
(၁၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(၁၃) သစ်တောရေးရာဝန်ကြီးဌာန
(၁၄) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
(၁၅) သတ္တုတွင်းဝန်ကြီးဌာန
(၁၆) သမဝါယမဝန်ကြီးဌာန
(၁၇) အလုပ်သမားဝန်ကြီးဌာန
(၁၈) ပို့ဆောင်ရေးဝန်ကြီးဌာန
(၁၉) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန
(၂၀) အမှတ်(၁)စက်မှုဝန်ကြီးဌာန
(၂၁) အမှတ်(၂)စက်မှုဝန်ကြီးဌာန
(၂၂) ရထားပို့ဆောင်ရေး ဝန်ကြီးဌာန
(၂၃) စွမ်းအင်ဝန်ကြီးဌာန
(၂၄) အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂၅) အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂၆) ပညာရေးဝန်ကြီးဌာန
(၂၇) ကျန်းမာရေးဝန်ကြီးဌာန
(၂၈) ယဉ်ကျေးမှုဝန်ကြီးဌာန
(၂၉) သာသနာရေးဝန်ကြီးဌာန
(၃၀) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
(၃၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၃၂) အားကစားဝန်ကြီးဌာန
(၃၃) သမ္မတရုံးဝန်ကြီးဌာန
(၃၄) မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယနေ့အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)




**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန အရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေတို့ကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ "လွိုင်ကော်ဆရာတော်ဘဒ္ဒန္တဇနိန္ဒ ဟောကြားတော်မူသော တရားတော်"
၆:၄၀ ထူးမြတ်ပူဇော် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၆)**
၈:၄၀ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-10)
၉:၁၅ Activities In The City [အလက(၁၂)အင်းစိန် အာစရိယပူဇော်ပွဲ]
၉:၃၅ အားကစားမြင်ကွင်းစုံ (အားကစားနှင့်ဖက်ရှင်) (အပိုင်း-၂) (လူမင်း၊ ဖြိုးငွေစိုး၊ ဝေမင်းမောင်)
၁၀:၀၅ UPC ရဲ့စေတနာ ဖိုးချစ်နဲ့ဖျော်ဖြေမှာ
၁၀:၂၀ တူယှဉ်ကာနွဲ ထူးကြီး အထက ရဲ့ မြတ်ဆရာပူဇော်ပွဲ
၁၀:၄၀ ခာတ်ပုံထဲမှအမှတ်တရများ (ဆင်ပေါက်)
၁၁:၀၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅ Activities In The City [ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ (လေးမျက်နှာမြို့နယ်အသင်း)]
၁၂:၂၀ သင်ယူလေ့လာဂီတပညာ (Part-9) (Minor Key)
၁၂:၄၅ ဟသ်ာတစက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲအခမ်းအနား
၁:၀၀ "လွိုင်ကော်ဆရာတော်ဘဒ္ဒန္တဇနိန္ဒ ဟောကြားတော်မူသောတရားတော်"
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း (လျှို့ဝှက်တာကောင်းတယ်၊ မလျှို့ဝှက်တာကောင်းတယ်)
၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉)**
၄:၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၆)**
၅:၀၀ နေသားတကျအရေပြားအလှ "ဝက်ခြံနဲ့အရေးအကြောင်းကင်းတဲ့ ချစ်စရာမျက်နှာ"
၅:၁၀ သွေးချင်းတို့၏ စုပေါင်းအားနှင့် နိုင်ငံတော်၏အနာဂတ်
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ သင်ကြားရေးလမ်းညွှန် (HAWAII Education Center)
၆:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၁၀)**
၇:၂၅ လပြည့်ဝန်းသို့ တမ်းချင်းည Live Show(Part-11)
၈:၀၀ MRTV-4 သတင်း
၈:၃၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
၉:၀၀ Celebrity Style (ချမ်းချမ်း)
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၇)**
၁၀:၁၀ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၆)
၁၀:၅၅ ဂီတနက်သန်ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၁)
၁၁:၁၀ လှပသစ်ဆန်းအလှပြင်ခန်း (Art & Tg)
၁၁:၃၀ အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း
၁၁:၄၅ World of Knowledge (Mega Structures; Super Factories)
၁၂:၃၅ ကလေးများအတွက်အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
၁၂:၅၀ Movie Mistakes (Spider Man)
၁:၁၅ မြို့အလှဂုဏ်ကြွယ်. . . ရိုးရာစားဖွယ်
၁:၂၅ သံစဉ်များကိုထုဆစ်အလှဆင်သူများ (ကိုကျော်လင်းထိန်နှင့် တွေ့ဆုံခြင်း)
၁:၅၀ အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
၂:၀၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ဂရိတ်ဖရုပင်စိုက်ပျိုးနည်း)
၂:၁၅ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (ဖိုးချစ်ဇာတ်သဘင်)(အပိုင်း-၂)
၂:၄၅ အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ ရွာကလေး
၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃:၅၅ Turning A Great River Into A Thoroughfare
၄:၄၀ နှယဉ်ဆန်းထွင်သစ်သီးအလှဆင် (သင်္ဘောသီးနှင့်နှင်းဆီပန်းပုံဖော်နည်း)
၅:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ပုဂ္ဂလိကပိုင် စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၈

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပုဂ္ဂလိကပိုင်စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချခွင့် ရရှိသည့် ကုမ္ပဏီအဖွဲ့အစည်း အသီးသီးမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီးက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်အရ စွမ်းအင်ဝန်ကြီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင် ၂၆၀ ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပုဂ္ဂလိကသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့ပြီး ၂၀၁၀ ခုနှစ် ဇွန် ၁၀ ရက်မှစ၍ စတင်ဖွင့်လှစ် ရောင်းချခွင့်ပြုခဲ့ကြောင်း၊ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များသည် ယခင်စွမ်းအင်ဝန်ကြီးဌာနက ရောင်းချပေးခဲ့သည့်အတိုင်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကိုသာ အဓိကထား ဖြန့်ဖြူးရောင်းချပေးကြသည်ကို တွေ့ရှိရကြောင်း၊ အခြားတစ်ဖက်မှ ကြည့်လျှင် ပြည်သူလူထုအနေဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌သာမက အခြားကဏ္ဍ/စက်မှုလုပ်ငန်းပေါင်းစုံတွင် စက်သုံးဆီကို အသုံးပြုနေကြသည်ဖြစ်ရာ မီးစက်၊ ရေစုပ်စက်၊ စက်လှေ၊ မော်တော်၊ လယ်ယာလုပ်ငန်းသုံး စက်၊ ယာဉ်ယန္တရားများ၊ စက်မှုလုပ်ငန်းသုံး စက်/အင်ဂျင်များစသည့် အခြားကဏ္ဍများအတွက်ပါ ပြည်သူလူထုမှ လွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် မည်သူ့ကိုမဆို လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များစသည့် သယ်ယူပို့ဆောင်ရေး အတွက်သာမက ကျန်ကဏ္ဍများကိုပါ လွတ်လပ်စွာ ရောင်းချပေးသွားရန်အတွက် ယခုကဲ့သို့ လုပ်ငန်းရှင်များကို ထပ်မံခေါ်ယူပြောကြားရခြင်းဖြစ်ကြောင်း၊ ထို့အပြင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထူးဂရုပြုဆောင်ရွက်သွားကြရန် လုပ်ငန်းရှင်များက မိမိတို့၏ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စက်သုံးဆီအရောင်းဆိုင်များကို ကြပ်မတ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသည့် စက်သုံးဆီပမာဏများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချခွင့်ရရှိသည့် ကုမ္ပဏီအဖွဲ့အစည်း အသီးသီးမှ လုပ်ငန်းရှင်များ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄) (နေပြည်တော်)၌ စက်သုံးဆီများ Pump စနစ်၊ ပုံးဖြင့် ထည့်သွင်းရောင်းချပေးသည့် စနစ်များကို လက်တွေ့ကြည့်ရှုလေ့လာကြစဉ်။**
(သတင်းစဉ်)

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များသည် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄) (နေပြည်တော်)သို့ သွားရောက်၍ စက်သုံးဆီများကို Pump စနစ်၊ ပုံးဖြင့်ထည့်သွင်းရောင်းချပေးသည့် စနစ်များကို လက်တွေ့ကြည့်ရှုလေ့လာကြရာ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း မြန်မာ့ရိုးရာထမနဲပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြို့မကျောင်းသား၊ ကျောင်းသူဟောင်း အသင်းက ကြီးမှူးကျင်းပမည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ မြို့မဟောင်း ထမနဲပွဲကို ဖေဖော်ဝါရီ ၁၈ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း မြတ်မွန်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များဖြစ်ကြသော အထက(၂)ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါ မြို့မကျောင်း မြန်မာ့ရိုးရာထမနဲပွဲတွင် ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၂၅၀၁၅၃ နှင့် ၇၃၀၁၁၇၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရတနာလမ်း အရှည် ၁၂၃၄ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၇ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာစိုး ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။**
(၃၈၃)

**ရန်ကုန်မြို့ (၁၅)လမ်း လမ်းမတော်မြို့နယ်နေ ဦးဇော်ဝင်းက အလှူငွေကျပ်နှစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ မသန်စွမ်းသူများနှင့် ဖွဲ့စည်းတည်ထောင်ထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းသို့ လာရောက်လှူဒါန်းစဉ်။** (ကြေးမုံ)

## ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၆)တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ "ကားဈေးကွက်ပါရာဒိုင်းအရွေ့နှင့် ဈေးကွက်ယှဉ်ပြိုင်မှု" ကားဈေးကွက် သုံးသပ်ဆောင်းပါး အပါအဝင် သတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ အပါအဝင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ နေပြည်တော်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေများထုတ်ပြန်၊ အထူးစက်မှုဇုန်ဥပဒေတွင် မြန်မာနိုင်ငံသားများကို အလုပ်အကိုင်ခန့်ထားရမည်ဟု ဖော်ပြပါရှိ၊ အင်အားပြင်းလျှင် တမူးတွင်လှုပ်ခတ်ခဲ့၊ အိန္ဒိယနာမည်ကျော် ရုပ်ရှင်မင်းသား မြန်မာနိုင်ငံလာရောက်လည်ပတ်၊ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ လမ်းညွှန်အကြံပြုချက်၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်၊ မန္တလေးနှင့် မုံရွာကုန်စည်ဈေးကွက် သတင်းများ၊ "ဘဝရဲ့ပြောင်းလဲမှုတွေကို ကြည့်လိုက်မယ်ဆိုရင် ကောင်းသော ပြောင်းလဲခြင်းတွေလို့ထင်တယ်" အေးမြတ်သူနှင့် လိုတိုဇူး စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေကောင်းလာမည်ဟုဆို၊ ဂျပန်တွင် မျိုးဆက်သစ်လူငယ်များ ဆုံးရှုံးလျက်ရှိ၊ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင် အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

## အလက(၅) ရန်ကင်း ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေး စည်းဝေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများကကြီးမှူး၍ ၁၉၇၀ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းမှုများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီတွင် ကျောင်း၌ ကျင်းပလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အလက(၅) ဖုန်း-၅၅၄၈၁၇၊ ဒေါ်တင်တင်ကျော် ဖုန်း-၅၇၇၂၂၈၊ ကိုမျိုးမင်းအောင် ဖုန်း-၀၉-၅၁၈၄၂၀၁၊ ကိုသန်းဇော်မင်းထိုက် ဖုန်း-၇၃၁၁၈၄၂၆၊ မအငယ်ထွေး ဖုန်း-၀၉-၅၀၈၅၃၄၇၊ မနှင်းအောင်ထွန်း ဖုန်း-၀၉-၅၁၄၃၈၂၇၊ ကိုအောင်ဆွေမိုး ဖုန်း-၀၉-၅၀၁၆၉၃၈၊ ကိုညီညီစည်သူ ဖုန်း-၇၃၁၁၂၆၆၈၊ ကိုဇေလွင်မိုး ဖုန်း-၀၉-၅၂၀၃၄၅၈၊ ကိုသာဌေးခိုင် ဖုန်း-၀၉-၅၃၅၁၁၆၂၊ ၀၉-၅၀၄၉၃၁၆ နှင့် အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပါဝင်လှူဒါန်းနိုင်ရန်အတွက် ကမ္ဘောဇဘဏ် ငွေစာရင်း အမှတ်-၀၄၂၁၂၂၀၀၀၀၇၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၉-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | "သက်ရှည်ကျန်းမာလေ့ကျင့်ပါ" |
| ၈း၁၀ | ၇။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈း၂၀ | ၈။ | အတီးပြိုင်ပွဲ |
| ၈း၂၅ | ၉။ | "ကြိုဆိုလျက်ပါ" |
| ၈း၃၀ | ၁၀။ | (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၄၀ | ၁၁။ | International News |
| ၈း၄၅ | ၁၂။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၀၅ | ၂။ | သီချင်းကြီးပဒေသာ |
| ၄း၁၀ | ၃။ | (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၄း၂၅ | ၄။ | ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်) |
| ၅း၀၀ | ၅။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၆။ | (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် |
| ၅း၁၅ | ၇။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၅း၂၅ | ၈။ | ဆိုကြပျော်ရွှင်တေးသံစဉ် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ | မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့ |
| ၆း၃၀ | ၁၂။ | ရွှေရင်ခုန်သံ |
| ၇း၀၀ | ၁၃။ | ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင် |
| ၇း၃၀ | ၁၄။ | "ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု) |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၁၂) |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၃၄)** |
| | ၂၀။ | **ရုပ်မြင်သံကြားဇာတ်လမ်း "မိုးသောက်နေခြည်နှင့် ဆည်းဆာ" (လွင်မိုး၊ ရဲအောင်၊ ညီညီနေနိုင်၊ နန္ဒာလှိုင်၊ ဆုပန်ထွာ) (ဒါရိုက်တာ-မောင်နန္ဒ)** |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

## မော်လမြိုင်တက္ကသိုလ်၊ ကောလိပ်(ပထဝီဝင်) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မော်လမြိုင်ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ် ပထဝီဝင်ဌာနများတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညနေ ၆နာရီခွဲတွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ညစာစားပွဲကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့ မဟာမြိုင်ပရိယတ္တိစာသင်တိုက် မြို့ရှောင်လမ်း မဟာမြိုင်ရပ်ကွက်၌ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို မမြင့်ကြည် ဖုန်း-၀၉-၄၉၇၇၁၃၅၈၊ မကျင်စွမ် ဖုန်း-၀၉-၄၉၈၀၃၂၉၉၊ မဌေးဌေး ဖုန်း-၀၉-၄၉၇၇၁၂၉၅၊ မမြမြဝင်း ဖုန်း-၀၉-၅၃၂၁၀၄၈၊ ကိုအောင်မြတ် ဖုန်း-၀၉-၈၇၀၀၅၄၄၊ ကိုစိုးသိန်း ဖုန်း-၀၉-၈၇၀၂၃၁၅၊ ကိုဇေထွဋ်တင် ဖုန်း-၀၉-၅၃၂၁၁၂ နှင့် Dr. မျိုးမျိုးခိုင် ဖုန်း-၀၉-၅၁၃၇၉၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ပညာဖြင့်မှ လူမျိုးတင့်မည်**

**လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာ(၄)လမ်း ကတ္တရာခင်း ပြီးစီးမှုကို ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးတင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် သင်တောကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၃ ရက်တွင် ဝန်းသိုမြို့နယ် သင်တောကျေးရွာရှိ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ဝန်းသိုမြို့နယ် သင်တောကျေးရွာရှိ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ၁၉၆၄-၆၅ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အာစရိယပူဇော်ပွဲနှင့် ရွှေရတုအထိမ်းအမှတ် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

၁၉၆၄-၆၅ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ အာစရိယပူဇော်ပွဲနှင့် ရွှေရတုအထိမ်းအမှတ်မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန(IBC)၌ ကျင်းပမည်ဖြစ်ရာ အထက်ပါခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ ဦးမောင်မောင်ထိပ် ဖုန်း-၀၉-၅၀၀၄၀၂၀၊ ဦးအုန်းထွန်း(Johnny) ဖုန်း-၀၉-၈၇၆၂၇၉၁၊ ဦးသောင်းတင် ဖုန်း-၅၇၀၉၇၄၊ ဒေါ်ခင်ဌေးမြင့် (Hilda) ဖုန်း-၆၄၃၀၅၆နှင့် ဒေါ်ခင်ထားရီ ဖုန်း-၃၇၄၁၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

## မိုးသောက်ပန်းဂျာနယ် ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော မိုးသောက်ပန်း ဂျာနယ် ၈-၂-၂၀၁၁ရက်ထုတ် အတွဲ (၁၄) အမှတ်(၆)တွင် ကာတွန်းဖေစန်း၏ မောင်ဒိုးပျံ၊ ကာတွန်းသန့်စင်၏ စူပါမှုန်ကြီး၊ ကာတွန်းသိက္ခာ၏ ပျင်းတောင်ပျင်းသေးတယ်၊ ကာတွန်းထွန်းထွန်းဝင်း၏ ဦးနှောက်တစ်ရာ၊ ကာတွန်းဒစ်ဂျစ်တယ်၏ ခွေးပု၊ ကာတွန်းမြေဇာ၏ မြားပစ်သူ၊ ကဗျာကဏ္ဍတွင် မြေလတ်ညို လင်း၏ ထူးမြတ်လွန်ကဲ တပို့တွဲ၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ အဆွေခင်ပွန်းယုတ်ကြောင့် ပျက်စီးရသော ခြင်္သေ့အကြောင်းနှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခုပြိုင်ပွဲနှင့် ဆေးရောင်လှလှခြယ်ကြရအောင်၊ ဗဟုသုတကဏ္ဍ စသည့် ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ်(၁၈၁)၊ ၃၂ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နှင့်အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၉၂၇၃ တို့တွင် ဆက်သွယ် မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးညို မြို့နယ် တောင်ဇင်း-ကျီးပင်စု ကျေးရွာချင်းဆက် ဂဝံလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်တင်မေအိနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ချို့ယွင်းငွေစက္ကူများ တိုးချဲ့လဲလှယ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်သူများအတွင်း လည်ပတ်သုံးစွဲနေသည့် ဟောင်းနွမ်းစုတ်ပြဲ ငွေစက္ကူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များ၌ လဲလှယ်ပေးလျက်ရှိသည်။

သာမန်ဟောင်းနွမ်းစုတ်ပြဲအဆင့်ထက် ကျော်လွန်သည့် ချို့ယွင်းငွေစက္ကူများ (မီးလောင်၊ ဆွေးမြေ့ပိုးမွှားကိုက်၊ ဓာတ်ဆေး၊ ဆိုးဆေးမိ၊ ဆီစွန်း) စသည်များကိုမူ ယခင်က အမှတ်(၁၉၈)ကမ်းနားလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးဌာန ချို့ယွင်းငွေစက္ကူများ တန်ဖိုးလဲလှယ်ပေးရေးဌာနစိတ်၌သာ လက်ခံစိစစ်လဲလှယ်ပေးလျက်ရှိရာမှ ယခုအခါ ပြည်သူများ ပိုမိုအဆင်ပြေစွာ လဲလှယ်နိုင်ရန်အတွက် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ရုံးအမှတ် (၅၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ငွေကြေးဌာန၌ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစ၍ လည်းကောင်း၊ မန္တလေးမြို့ (၈၂)လမ်းနှင့် (၂၆)လမ်းထောင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁) အဆောက်အအုံပထမထပ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ၌ ဇန်နဝါရီ ၃ ရက်မှ စ၍လည်းကောင်း ချို့ယွင်းငွေစက္ကူများ တန်ဖိုးလဲလှယ်ပေးရေးဌာနစိတ် ဖွင့်လှစ်၍ လဲလှယ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၄ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ထွန်း၊ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်ကျော်ညွန့်နှင့် သစ်ရာကောက် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မင်းနိုင်တို့ သစ်ရာကောက်-မြင်စိုင်းကျေးရွာ ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်)၏ (၃၇)နှစ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားဝင်းရှိ မဟာသန္တိသုခ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အုတ်ဖိုမြို့နယ်မှ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ကန်တော့ခံ ဘိုးဘွားများစာရင်းနှင့် ပါရဂူဘွဲ့ရသူများစာရင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သောအသင်းဝင်များ၏ သား၊ သမီးများ စာရင်းကို အထောက်အထား အပြည့်အစုံနှင့် ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဒေါ်မြမြ ဖုန်း-၆၄၄၇၄၀၊ ဦးတင်မောင်ညွှန့် ဖုန်း-၀၉-၈၆၁၈၃၀၅၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀၄၃၂၇၂၊ ဦးသက်ဆွေ ဖုန်း-၂၂၉၇၉၈၊ ဦးမြတ်ဦး ဖုန်း-၀၉-၅၁၈၇၀၆၆နှင့် ဦးအေးဝင်း ဖုန်း-၀၁-၇၃၀၅၉၇၆၄ တို့သို့ စာရင်းပေးပို့ကြပါရန်နှင့် အသင်းဝင်သူဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ အုတ်ဖိုအိုးသည်ကုန်းမြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## လှိုင်သာယာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား ကလေးငယ်တစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရန်ကုန်-ပုသိမ် လမ်းမကြီးအတိုင်း မောင်းနှင်လာသော ရာဇာဂျစ်ယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၃ ရက် ည ၇ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် တမာကုန်းအဝိုင်း၌ အရှိန်လွန်ပြီး ဆိုက်ကားတစ်စီး၊ ကွမ်းယာဆိုင်နှင့် လမ်းသွားလမ်းလာအချို့ကို တိုက်မိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဆိုက်ကားနှင့်ကွမ်းယာဆိုင်တို့ အနည်းငယ်ပျက်စီးကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ရှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးသေဆုံးပြီး အမျိုးသားငါးဦး၊ အမျိုးသမီးငါးဦးတို့ ဒဏ်ရာများရရှိသွားခဲ့သဖြင့် လှိုင်သာယာဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း၊ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ယာဉ်မှုစစ် ရဲစခန်းက ပေါ့လျော့မှုကြောင့် လူသေစေမှု၊ ပြင်းထန်ဒဏ်ရာရရှိမှု၊ ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ သတင်းပေးရန် ပျက်ကွက်မှုတို့ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

လမ်းသွားလမ်းလာများသည့် နေရာများ၊ အလင်းရောင်နည်းသည့် အချိန်များတွင် ယာဉ်ကို သေချာထိန်းသိမ်း၍ သတိထားမောင်းကြရန် လိုအပ်ကြောင်း၊ ယာဉ်ကို မဆင်မခြင်မောင်းနှင်ကြပါက ပေးဆပ်ရသည့်တန်ဖိုးမှာ ကြီးမားကြောင်း၊ လူတစ်ဦးချင်းမှအစ မိသားစုပါ ထိခိုက်ရသည့်အပြင် နိုင်ငံအတွက်လည်း ဆုံးရှုံးနစ်နာရကြောင်း စသည်ဖြင့် ယာဉ်တိုက်ခံရသူ၏ ဆွေမျိုးတစ်ဦးက ယာဉ်မောင်းများနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတိပြု

## ကြည့်ရှုစစ်ဆေး

**ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် တိုးချဲ့လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နေခြည်ဦး ကြီးကြပ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင် ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၉-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၁၀ ၃။ တရားတော်
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၄၀ ၈။ ရှေးဟောင်းသုတ
- ၄း၅၀ ၉။ အားလုံးရဲ့တာဝန်
- ၄း၅၅ ၁၀။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
- ၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၃၇)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၅။ **Mail Box**
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ(အပိုင်း -၄၅)
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၇)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ထိုက်ထိုက်တန်တန်ဆုပေးပွဲ (ဟန်ထက်စော၊ ဇော်၊ ကျော်ထူး၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)] (ဇာတ်သိမ်း)
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၆)**
- ၂၆။ ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ပေးလျက်ရှိသော ပြည်သူ့ဆေးရုံကြီး (ဟားခါး)ကို တွေ့ရစဉ်။

## ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးမြေဧရိယာ | ဧက | ၁၇၀၉၇၇ | ၃၃၁၉၅၃ | ၁၆၀၉၇၆ |
| ၂ | ဆည်တမံ | ခု | မရှိ | ၁ | ၁ |
| ၃ | ကြိုးဝိုင်းတော | စတုရန်းမိုင် | ၆၀၅ | ၆၄၅. ၁၀ | ၄၀. ၁၀ |
| ၄ | ကြိုးပြင်ကာကွယ်တော | စတုရန်းမိုင် | မရှိ | ၁၃၃၅. ၂၀ | ၁၃၃၅. ၂၀ |
| ၅ | ကားလမ်း | မိုင် | ၉၁၂ | ၁၆၇၀ | ၇၅၈ |
| ၆ | ပေ(၁၈၀)အထက်တံတား | စင်း | ၂ | ၅ | ၃ |
| ၇ | စာတိုက်စခန်း | ခု | ၂၈ | ၅၂ | ၂၄ |
| ၈ | ကြေးနန်းရုံး | ရုံး | ၁၁ | ၂၄ | ၁၃ |
| ၉ | တယ်လီဖုန်းရုံး | ရုံး | ၈ | ၃၀ | ၂၂ |
| ၁၀ | မိုက္ကရိုဝေ့ဗ်စခန်း | ခု | မရှိ | ၆ | ၆ |
| ၁၁ | ရေအားလျှပ်စစ်စက်ရုံ | ရုံ | ၄ | ၁၀ | ၆ |
| ၁၂ | တက္ကသိုလ်/ကောလိပ် | ခု | - | ၁ | ၁ |
| ၁၃ | နည်းပညာတက္ကသိုလ် | ခု | - | ၁ | ၁ |
| ၁၄ | ကွန်ပျူတာတက္ကသိုလ် | ခု | - | ၁ | ၁ |
| ၁၅ | အခြေခံပညာကျောင်း | ကျောင်း | ၁၀၈၉ | ၁၁၈၃ | ၉၄ |
| ၁၆ | စက်မှုလက်မှုသိပ္ပံကျောင်း | ကျောင်း | - | ၁ | ၁ |
| ၁၇ | ဆေးရုံ | ရုံ | ၁၈ | ၂၄ | ၆ |

# ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ချင်းပြည်နယ်တစ်ခွင်

ချင်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၃၉၀၆ ဒသမ ၉၂ မိုင် ကျယ်ဝန်းသည်။ ချင်းတိုင်းရင်းသားများနှင့် မြို ခမီ၊ ဗမာတိုင်းရင်းသားများ အတူတကွ စုပေါင်းနေထိုင်ကြသည်။ တောတောင်ထူထပ်၍ မြေပြန့်အလွန်နည်းပါးသော ပြည်နယ်ဖြစ်သည်။ တောင်တန်းများသည် မြောက်မှ တောင်သို့ သွယ်တန်းနေပြီး တောင်တန်းများကြား၌ ချိုင့်ဝှမ်းများရှိသည်။ အမြင့်ဆုံးတောင်မှာ ပေ ၁၀၂၀၀ မြင့်သော ဝိတိုရိယ(ခေါ်) ခေါ်နုဆုမ်တောင်ဖြစ်သည်။ မြစ်ချောင်းများစွာ စီးဆင်းနေပြီး မဏိပူရမြစ်သည် ပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းစီးဆင်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အတိတ်ကာလက တိုင်းပြည်ခေတ်နောက်ကျ ကျန်ရစ်ခဲ့သည့်အခြေအနေမှ ကျော်လွှားလွန်မြောက်နိုင်ရန်အတွက် ပြည်ထောင်စုတစ်ဝန်းလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများကို သာမန်ထက် အဆပေါင်းများစွာ ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည်။ တိုင်းရင်းသားအချင်းချင်း ဆူကြုံနိမ့်မြင့် ကွာဟမှု နည်းနိုင်သမျှ နည်းပါးအောင်၊ တောင်ပေါ်နှင့်မြေပြန့် ဖွံ့ဖြိုးတိုးတက်မှု မျှတအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ချိန်က ခေတ်နောက်ကျ ကျန်ရစ်ခဲ့သောဒေသများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာတွင် တောင်ပေါ်ဒေသ ချင်းပြည်နယ်ကိုလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ ချင်းပြည်နယ်သည် ယခင်နှင့်မတူ အံ့မခန်း ပြောင်းလဲတိုးတက်လာခဲ့သည်။ နိုင်ငံတော်၏ စေတနာမိုးများ ရွာသွန်းဖြိုးရာ ချင်းတောင်တန်းဌာနေသည် ညီနောင်သွေးချင်းများနှင့် တစ်ဆက်တစ်စပ်တည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းကို ယခင်နှင့် ယခု နှိုင်းယှဉ်လေ့လာမှုများက သက်သေပြလျက်ရှိသည်။

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မင်းတပ်မြို့ ဘော်ခွီးလက်ဖက်စိုက်ပျိုးရေးခြံတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လက်ဖက်စိုက်ခင်းများကို တွေ့ရစဉ်။

**“တစ်ချိန်က ခေတ်နောက်ကျ ကျန်ရစ်ခဲ့သောဒေသများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာတွင် တောင်ပေါ်ဒေသ ချင်းပြည်နယ်ကိုလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့။**

**ချင်းပြည်နယ်သည် ယခင်နှင့်မတူ အံ့မခန်းပြောင်းလဲ တိုးတက်လာခဲ့။**

**နိုင်ငံတော်၏ စေတနာမိုးများ ရွာသွန်းဖြိုးရာ ချင်းတောင်တန်းဌာနေသည် ညီနောင်သွေးချင်းများနှင့် တစ်ဆက်တစ်စပ်တည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လျက်ရှိ။”**

ဒေသတွင်း ဆက်သွယ်သွားလာမှု လွယ်ကူစေရန် တည်ဆောက်ပေးထားသော ဟားရိတံတားကို တွေ့ရစဉ်။

# (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

## ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများ

| စဉ် | အကြောင်းအရာ | တည်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁ | **လျှပ်စစ်စွမ်းအားတည်ဆောက်မည့်စီမံကိန်း** | | |
| | - လိုင်ဗာထပ်ဆင့်လွတ်ရေအားလျှပ်စစ်စက်ရုံ | ဖလမ်းမြို့ | ၀.၇ မဂ္ဂါဝပ် |
| ၂ | **လမ်းပန်းဆက်သွယ်ရေး** | | |
| | - ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင် | ချင်းပြည်နယ် | ရာသီမရွေး |
| | - ဂန့်ဂေါ-ဟားခါးလမ်း ၈၆ မိုင် | | သွားလာနိုင်သော |
| | - မင်းတပ်-မတူပီ-ရေဇွာ-ဟားခါးလမ်း ၁၇၃မိုင်၃ဖာလုံ | | လမ်းများအဖြစ် |
| | - သိုင်းငင်း-တီးတိန်-ရိဒ်ခေါဒါရ်လမ်း ၅၇ မိုင် | | မွမ်းမံ |
| | - တီးတိန်-တွန်းဇံ-ကျီခါးလမ်း မိုင် ၈၀ | | ဆောင်ရွက်ခြင်း |
| ၃ | **ပညာရေး** | | |
| | - အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း | တီးတိန်မြို့ | တည်ဆောက်ဆဲ |

ချင်းပြည်နယ် မတူပီမြို့ရှိ ဘုံတလာ ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။



ဒေသခံတိုင်းရင်းသားများ အသိအမြင် ဗဟုသုတ တိုးပွားစေရန် တည်ဆောက်ပေးထားသော ဖလမ်းမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံကို တွေ့ရစဉ်။




**လူတိုင်းက မိမိကိုယ်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ရှိသူဟူ၍ ခံယူကြသည်။ မည်သူမျှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ခေါင်းပါးသူဟူ၍ အထင်မခံလိုကြ။ ယင်းအချက်ကို မည်သည့်ပေတံဖြင့် တိုင်း၍ မည်ကဲ့သို့ မှတ်ကျောက်အတင်ခံကြမည်နည်း။**

**နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် မိမိတို့၏ အသက်၊ အိုးအိမ်စည်းစိမ်တို့ကို စွန့်ခဲ့ကြသည့် မျိုးချစ်သူရဲကောင်းများ ရှိသကဲ့သို့ အသားထဲက လောက်ထွက်ကြသူများလည်း ခေတ်အဆက်ဆက်၌ ရှိခဲ့ကြပေသည်။**

## ထာဝရမော်ကွန်း

- **ပြည်ထောင်စုမွေး၊ ပြည်ထောင်သွေးမို့**
  **စွေးစွေးရဲရင့်နီလှသည် . . . . . ။**
- **သွေးချင်းသားချင်း၊ ဆွေမျိုးရင်းမို့**
  **ခြင်းခြင်းတောက်စိတ်၊ လက်သည်းဆိတ်က**
  **လက်ထိပ်မှနာ၊ ပါးမှာကိုက်လျှင်**
  **နားတွင်လည်းကိုက်၊ သွေးထဲလှိုက်စွာ**
  **နာကျင်တတ်ကြ၊ ညီစွစိတ်ထား**
  **ရေကိုသားလည်း၊ အကြားမထင်**
  **တစ်ပြင်တည်းပင်၊ ချစ်ကျွမ်းဝင်ခဲ့**
  **နယ်ချဲ့တွန်းလှန်၊ ဖက်ဆစ်ရန်ပြောင့်**
  **ပြည်ထောင့်သွေးသား၊ စည်းလုံးအားဖြင့်**
  **စွန့်စားတော်လှန်၊ မော်ကွန်းကျန်ခဲ့**
  **ရန်အသဒ္ဓေဖြိုခဲ့ပြီ . . . . . ။**
- **တိုင်းရင်းညီနောင်**
  **ပြည်ထောင်စုစိတ်၊ သိပ်သည်းခိုင်မာ**
  **ကျစ်လျစ်စွာဖြင့်၊ စဉ်ထာဝရ**
  **ရှင်သန်ရအောင်၊ နှစ်ထောင်ချီလျက်**
  **သိုက်မပျက်ဘဲ၊ ဉမကွဲကြေ**
  **ပြည်ထောင့်မွေကို၊ ခွန့်ရှည်တည်ရန်**
  **သန္နိဋ္ဌာန်ချ၊ ကာကွယ်ကြမည်**
  **ထာဝရမော်ကွန်းတည်စေတည်း . . . . .။ ။**

**(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-**

**ဦးအောင်မွန်(မဟာဝိဇ္ဇာ)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို မှန်ကန်စွာမွေးကြစို့

ရတနာပုံနန်းမြို့အား သိမ်းပိုက်ရန် ဧရာဝတီမြစ်ကြောင်းအတိုင်း ချီတက်ခဲ့သည့် အင်္ဂလိပ်တို့က မြန်မာမျိုးချစ်တို့ ခုခံတိုက်ခိုက်မှု မရှိစေရန် ပရိယာယ်သုံးရာတွင် ဘသန်းဆိုသူ သစ္စာဖောက်အား သင်္ဘောဦးပိုင်းတွင် ရွှေဂျိုးဖြူမင်းသားယောင်ဆောင်၍ အသုံးတော်ခံစေခဲ့သည်။ အလားတူ အင်္ဂလိပ်အုပ်စိုးစဉ်က "သခင်အားရကျွန်ပါး၀"အောင် လုပ်ခဲ့ကြသူများလည်းရှိသည်။ ဂျပန်ခေတ်၌လည်း ဂျပန်အလိုတော်ရိများအဖြစ် အမျိုးသားသစ္စာဖောက်လုပ်ငန်းများကို လုပ်သူများ ရှိခဲ့သည်။

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အပြောနှင့်မဟုတ်၊ အလုပ်ဖြင့် သက်သေပြကြရန် လိုအပ်ပေသည်။ အချို့က အမျိုးသားစည်းလုံး ညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည် ပေါင်းစည်းရေး၊ အမျိုးသားသင့်မြတ်ရေးဟူ၍ အသံကောင်းဟစ်နေကြသော်လည်း လက်တွေ့လုပ်ရပ်များက တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပြိုကွဲရာ ပြိုကွဲကြောင်းဆီသို့ ဦးတည်နေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရှိနေရပေသည်။

ယခင် ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ပင်လုံစာချုပ်ကို အကြောင်းပြု၍ ရှမ်းပြည်နယ်စော်ဘွားအချို့ ဖက်ဒရယ်မူကို တောင်းဆိုခဲ့သည်။ ထိုလုပ်ရပ်မှာ ပြည်ထောင်စုပြိုကွဲရေးဆီသို့ ဦးတည်သည့်လုပ်ရပ်ဖြစ်သဖြင့် တပ်မတော်က နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ်တွင် ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။ ယင်းနောက် ပြည်ထောင်စုစစ်စစ်မှု ဖြစ်ရမည်ဟူသော လေသံများ ထွက်ပေါ်ခဲ့ပြန်သည်။ အဆိုပါတောင်းဆိုချက်သည် ဖက်ဒရယ်မူနှင့် သံတူကြောင်းကွဲ ဖြစ်သည်ဟု အများကယူဆကြသည်။

**ယခုအခါ အင်အားစုအချို့က ဒုတိယပင်လုံညီလာခံ ကျင်းပရေးဟူ၍ လည်းကောင်း၊ (၂၁)ရာစု ပင်လုံညီလာခံ ကျင်းပရေးဟူ၍ လည်းကောင်း ပြောဆိုလှုပ်ရှားလာပြန်သည်။ မည်သည်ကို ရည်ရွယ်ပါသနည်း။ ပထမပင်လုံညီလာခံ ကျင်းပစဉ်က (၂၀)ရာစုအခြေအနေ။ ယခု(၂၁)ရာစုကာလ။ အချိန်ကာလအားဖြင့် မတူ၊ အခြေအနေက လည်း ကွဲပြားခြားနားသည်ကို သတိမူကြဖို့လိုသည်။**

**ပထမပင်လုံညီလာခံ ကျင်းပရခြင်းမှာ တိုင်းတစ်ပါးသား အင်္ဂလိပ်ကိုလိုနီ အုပ်စိုးသူများလက်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးရယူနိုင်ရန် အတွက် ဖြစ်သည်။ တောင်ပေါ်ဒေသများကို ချန်လှပ်၍ ပြည်မကိုသာ လွတ်လပ်ရေးပေးရန်၊ နယ်ချဲ့တို့၏အကြံကို ရိုက်ချိုး၍ မြန်မာနိုင်ငံအား တစည်းတလုံးတည်း လွတ်လပ်ရေး ရယူနိုင်ရန်ဖြစ်သည်။**

ယခုအခါ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ပေါ်ထွန်းလာပြီဖြစ်ရာ တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အဆိုပါလွှတ်တော်များ၌ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ကြပြီဖြစ်ပေသည်။

ပင်လုံစာချုပ်ကြီး၏ အနှစ်သာရနှင့် ပင်လုံကပေးသည့် အမွေမှာ ကွဲအက်ရေးနှင့် ခွဲထွက်ရေးမဟုတ်။ ပြည်နယ်၊ ပြည်မ ခွဲခြားမှုမပြုဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်လျက် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တစည်းတလုံးတည်း ရယူရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူပူအမျှ နေထိုင်ပြီး မိမိတို့၏အရေးကိစ္စကို ပြည်ပစွက်ဖက်မှု ကင်းရှင်းစွာဖြင့် ပြည်တွင်းအင်အားစု အချင်းချင်း ညှိနှိုင်းဖြေရှင်းရေးတို့ပင် ဖြစ်ပေသည်။

## ထွန်းလင်းလတ်

တိုင်းရင်းသားလူမျိုးများဖြင့် ပေါင်းရုံးဖွဲ့စည်းထားအပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်နိုင်ခွင့်ရှိရေး၊ တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊ ညီညာသော ဖွံ့ဖြိုးတိုးတက်ခွင့်ရှိရေးတို့ကို လိုလားကြသည်မှာ သဘာဝကျပေသည်။

တိုင်းရင်းသာ...
စပ်လျဉ်းပြီး အ...
ပြည်ထောင်စုသမ္မ...
လူမျိုး၊ ဇာတိ၊ ကို...
ယဉ်ကျေးမှု၊ အမျိုး...
ပြု၍ ခွဲခြားမှုမရှိ...
**အခြေခံဥပဒေ...**
**အတွင်း အမျိုးသာ...**
**လုပ်ငန်းများကို ဥ...**
**ဟူ၍ ပြဋ္ဌာန်းထား...**
**တိုးတက်ခွင့်များ...**
**"တိုးတက်ဖွံ့ဖြိုးမှု...**
**ကျန်းမာရေး၊ စီးပွား...**
**လူမှုစီးပွားရေး တိုး...**
**ပြဋ္ဌာန်းထားရာ တို...**
**ပိုမိုဦးစားပေးထာ...**
ပြည်ထောင်...
ဒေသကြီး (၇)ခု...
ဖြစ်သည့်အပြင်...
အုပ်ချုပ်ခွင့်ရ တို...
တရားစီရင်ရေးနှ...
မည်ဖြစ်သည်။ ...
သက်ဆိုင်ရာ တို...
စုစုပေါင်း၏ သ...
တိုင်းရင်းသားလူမျိ...

**တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်...**
**အခြေခံဥပဒေပုဒ်မ ၃၄ တွင် "နိုင်ငံတော်သ...**
**မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ...**
**ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေး...**
**ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိ...**

တိုင်းရင်းသားလူမျိုးများ၏ အဆိုပါ လိုလားချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ က အာမခံချက်များ ပေးထားပေသည်။

**တိုင်းရင်းသားလူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးနှင့်စပ်လျဉ်း၍ အခြေခံဥပဒေပုဒ်မ ၃ တွင် "နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်" ဟူ၍ ပါရှိထားသည်။ ထို့အပြင် ပုဒ်မ ၃၅၅ တွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌ မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်"ဟူ၍ သတ်မှတ် ပြဋ္ဌာန်းထားပေသည်။**

ဆောင်ရွက်နိုင်ရန်...
ဤသို့ဖြင့် တိုင်းရ...
ဆောင်ရွက်နိုင်ခွင့်...
မြန်မာနိုင်ငံ...
မြန်မာနိုင်ငံအား ...
စည်းလုံးညီညွတ်မှ...
ကျင့်သုံးခဲ့ပေသည်...
ဩဇာလွှမ်းမိုးလိုသ...
အတွင်း သံသယန...
နည်းလမ်းအသွယ်...

# ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

## ...င်းပါး

## ...မွှေးကြိုင်တို့

...ာတည်ဆောက်လျက်
...ုံးတည်း ရယူရေးနှင့်
...များအားလုံး အေးအတူ
...ပစွက်ဖက်မှု ကင်းရှင်း
...နိုင်းဖြေရှင်းရေးတို့ပင်

...ဖွဲ့စည်းထားအပ်သည့်
...်းသားလူမျိုးအသီးသီး
...ရပ်တည်နိုင်ခွင့်ရှိရေး၊
...တူရှိရေး၊ ညီညာသော
...ည်မှာ သဘာဝကျပေ

တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေးနှင့် စပ်လျဉ်းပြီး အခြေခံဥပဒေပုဒ်မ ၃၄ တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ" ဟူ၍ ပြဋ္ဌာန်းထားပေသည်။

**အခြေခံဥပဒေပုဒ်မ ၃၇၀ တွင် "နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်" ဟူ၍ ပြဋ္ဌာန်းထားရာ တိုင်းရင်းသားများအနေဖြင့် ညီညာသော ဖွံ့ဖြိုးတိုးတက်ခွင့်များ ရရှိနိုင်ပေသည်။ ထို့မှမက ပုဒ်မ-၂၂(ဂ)တွင် "တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်" ဟူ၍ ပြဋ္ဌာန်းထားရာ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုဦးစားပေးထားကြောင်း တွေ့ရှိရမည် ဖြစ်ပေသည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အခြေခံဥပဒေအရ တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ခုတို့၌ လွှတ်တော်များရှိကြပြီးဖြစ်သည့်အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခုတို့လည်း ရှိကြမည်ဖြစ်ရာ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးခွင့်ရရှိကြမည်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများမှအပ မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ သုည ဒသမ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိသော တိုင်းရင်းသားလူမျိုးများက မိမိတို့၏ တိုင်းရင်းသားလူမျိုးရေးရာများကို

**...များအတွင်း တန်းတူရည်တူရှိရေးနှင့် စပ်လျဉ်းပြီး**
**... တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ**
**...ည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရ**
**...အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊**
**...ကြောင်းပြု၍ ခွဲခြားမှုမရှိစေရ" ဟူ၍ ပြဋ္ဌာန်းထား။**

... လိုလားချက်များကို
...စည်းပုံအခြေခံဥပဒေ
...။
**...င်သန်ရပ်တည်ပိုင်ခွင့်**
**...ွင် "နိုင်ငံတော်သည်**
**...ခဲ့သော နိုင်ငံဖြစ်သည်"**
**... "နိုင်ငံသားတိုင်းသည်**
**...ည်သည့်အရပ်ဒေသ၌**
**...သည်"ဟူ၍ သတ်မှတ်**

ဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်တစ်ဦးကျစီ ရရှိကြမည်ဖြစ်ပေသည်။ ဤသို့ဖြင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့ကြမ္မာကို မိမိတို့ဆောင်ရွက်နိုင်ခွင့်များ ရရှိကြမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအား ကျွန်ပြုအုပ်စိုးခဲ့သည့် ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံအား ရေရှည်ကျွန်ပြုအုပ်စိုးနိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင် ဖြိုခွဲ၍ သွေးခွဲအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးခဲ့ပေသည်။ မျက်မှောက်ကာလတွင်လည်း မိမိတို့ နိုင်ငံအပေါ် ဩဇာလွှမ်းမိုးလိုသည့် ပြည်ပအင်အားစုများက တိုင်းရင်းသားလူမျိုးများအတွင်း သံသယနှင့် အာဃာတများ လွှမ်းမိုးလာစေရန် ပုံစံအမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်နေကြပေသည်။

တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့လူမျိုး၊ ဘာသာစကား၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို လေးစားတန်ဖိုးထားကြရမည်ဖြစ်သော်လည်း အစွန်းရောက်မှုများကိုမူ သတိတရား လက်ကိုင်ထား၍ ရှောင်ရှားသွားကြရန် လိုအပ်လှပေသည်။

**မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများမှာ မိမိတို့ အခြေချနေထိုင်လျက်ရှိကြသည့် နယ်မြေဒေသ၏ ရေမြေတောတောင် သဘာဝအနေအထားများအရ ပြောဆိုသည့် ဘာသာစကားနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာ၊ ဓလေ့စရိုက်များ အထိုက်အလျောက် ကွဲပြားခြားနားနေကြသော်လည်း အမှန်စင်စစ် တိဗက်ကုန်းမြင့်ဒေသမှ ဆင်းသက်လာသည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများ ဖြစ်ကြပေသည်။**

ထို့ကြောင့်ပင် မြန်မာနိုင်ငံအား ကျူးကျော်စော်ကားလာသည့် အင်္ဂလိပ်နယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့အား ခုခံတိုက်ပွဲဝင်စဉ်ကာလနှင့် လွတ်လပ်ရေးအတွက် ဆန့်ကျင်တိုက်ပွဲဝင်စဉ် အခါသမယတို့တွင် အရေးကြီးက သွေးစည်းသည်ဟူသော စကားနှင့်အညီ တိုင်းရင်းသားလူမျိုးအသီးသီးတို့က အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**သို့ဖြစ်ရာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အဓွန့်ရှည်ရေးနှင့် နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို မှန်ကန်စွာ မွေးမြူဆောင်ရွက်သွားကြရန် ရေးသားတိုက်တွန်းလိုက်ရပေသည်။ ။**

## အမေတူဖွား တစ်မိသား

* ပြည်ထောင်စုကြီး အမိမြေ
တိုင်းရင်းသားတွေ စုပေါင်းနေ၊
အမေတူဖွား တစ်မိသား
ညီအစ်ကိုရင်း မောင်နှမများ။

* တစ်ယောက်အားကို တစ်ယောက်ယူ
တစ်ယောက်တစ်လက် ဝိုင်းဝန်းကူ၊
အတူလက်တွဲ မှုမကွဲ
စည်းလုံးချစ်ကြည်မြဲ။

* သွေးခွဲစကား နားမဝင်
ရေကိုသားလို့ ကြားမထင်၊
အစဉ်နိုးကြား ပြည်တွင်းအား
ပြည်ထောင်စုစိတ် စွဲတည်ထား။

* ပြည်ထောင်စုသား စည်းလုံးညီ
ပြည်ထောင်စုကြီး အဓွန့်ရှည်၊
ဖွံ့ဖြိုးခေတ်မီ စည်သာရေး
ကြိုးပမ်းကြတယ်လေး။ ။

(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ရေနံ့သာမောင်ကျော်ညွန့်



# (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု တောင်ကြီးစည်ပင် ကျေးလက်ကျောက်ချောလမ်းဖွင့်

တောင်ကြီး ဖေဖော်ဝါရီ ၈

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော နောင်ယွေး-တွန်းမုန့် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါကျေးရွာလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။**

ယင်းနောက် နောင်ယွေး-တွန်းမုန့် ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်မှုအခြေအနေများအား တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးစိုးနိုင်ဦးက ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများအား ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းတို့ထံ လည်းကောင်း၊ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့ထံ လည်းကောင်း၊ တာဝန်ခံအင်ဂျင်နီယာက ကျေးရွာဥက္ကဋ္ဌထံသို့လည်းကောင်း အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အိုးစည်ဗုံမောင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် နောင်ယွေး-တွန်းမုန့် ကျေးလက်ကျောက်ချောလမ်းသစ်အား ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ကျေးလက်ကျောက်ချောလမ်းသစ် မုခ်ဦးအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများကကျေးလက် ကျောက်ချောလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြောင်း သိရသည်။**(အပေါ်ပုံ)** (မြို့နယ်စည်ပင်)

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော မကေချိုဇင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ကြေးမုံ)

**ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်မြို့ သာကေတမြို့နယ်နေ သရုပ်ဆောင် နေတိုးနှင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (ကြေးမုံ)

## ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၅၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို မကွေးတိုင်းဒေသကြီး အားကစားကွင်းနှင့် မကွေးခရိုင် အားကစားကွင်းတို့၌ ယနေ့ ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပသော ပထမအကြိုဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး မကွေးခရိုင် အားကစားကွင်း၌ ကျင်းပသော ဒုတိယအကြိုဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အောင်မြင်သော Programmer တစ်ယောက်အဖြစ် ယုံကြည်ချက်ရှိရှိ ရပ်တည်နိုင်လိုသူများအတွက် လက်တွေ့အသုံးချ Programming သင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ကွန်ပျူတာProgrammingနည်းပညာများကို စိတ်ဝင်စားသူများနှင့် ပြည်တွင်းပြည်ပတွင်အောင်မြင်သော Programmer တစ်ယောက်အဖြစ် ယုံကြည်ချက်ရှိရှိ ရပ်တည်နိုင်လိုသူများအတွက် လက်တွေ့အသုံးချ Programming သင်တန်းများကို Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်းက သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူငယ်များ Programming နည်းစနစ်များကို စနစ်တကျ နားလည်တတ်ကျွမ်း၍ လက်တွေ့လုပ်ငန်းခွင်၌ ထိထိရောက်ရောက် အသုံးချနိုင်စေရန် ဖြစ်ပြီး လက်တွေ့လုပ်ကိုင်နိုင်မှုကို ဦးစားပေး သင်ကြားပေးလျက်ရှိသည်။ သင်တန်းတွင် Programming Techniques များကိုသာ သင်ကြားပေးမည် မဟုတ်ဘဲ ပြင်ပလုပ်ငန်းခွင်တွင် အမှန်တကယ်ရှိနေသော ပြဿနာများ၊ လိုအပ်ချက်များကို မိမိတတ်သိသော Programming နည်းပညာဖြင့် မည်ကဲ့သို့ ဖြေရှင်းနိုင်ကြောင်းကို လက်တွေ့ Case-Study များဖြင့် လေ့လာရမည်ဖြစ်သည်။ ထို့ကြောင့် သင်တန်းပြီးဆုံးပါက သင်တန်းသားများ၏ Problem Solving Skills, Creative Thinking Skills များ တိုးတက်လာပြီး အခြေခံ Programming Techniques များကို လက်တွေ့ နယ်ပယ်တွင် အသုံးချနိုင်လာမည် ဖြစ်သည်။

ထို့အပြင် Programming ဆိုင်ရာ အနှစ်သာရများ၊ အယူအဆများကို စနစ်တကျ နားလည်သဘောပေါက်ခဲ့ခြင်းဖြင့် နောင်အသစ်အသစ်ပေါ်လာမည့် Programming Language များကို မိမိကိုယ်တိုင် လေ့လာရုံဖြင့် အလွယ်တကူ နားလည်တတ်ကျွမ်းနိုင်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ်(၂၆) (၁၄)လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၂၈၈၀၆၊ ၀၁-၇၃၀၃၁၃၀၂ နှင့် ၀၁-၂၂၄၄၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် မြဝတီမြို့နေ မောင်ရဲကိုဦး၊ မောင်သန်းနိုင်၊ မောင်သန်းထွန်း၊ ဦးတိုးကိုနှင့် ကိုခင်နိုင်ဦးတို့ ငါးဦးသည် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် မေတ္တာလင်းမြိုင် ကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ သစ်ခုတ်နေစဉ် သစ်ကိုင်းမြေကြီးပေါ်ပြုတ်ကျရာမှ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် မောင်သန်းနိုင်၏ ဝဲ၊ယာမျက်စိနှစ်လုံး ယမ်းငွေ့ရိုက်ဒဏ်ရာနှင့် မောင်ရဲကိုဦး၏ မျက်နှာ ယမ်းငွေ့ရိုက်ဒဏ်ရာတို့ ရရှိခဲ့ပြီး မြဝတီပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကာ တာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## မြောက်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၈

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် ပင်လောင်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ဖေဖော်ဝါရီ ၉ ရက် ညနေထိခန့်မှန်းချက်။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်သည်။

## ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

**မိုးအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၂ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ဘားအံမြို့နယ်၌ မြေတူးစဉ် တောင်ကမ်းပါးနံရံပြိုကျပြီး နှစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဖေဖော်ဝါရီ ၄ ရက်က တောင်ကမ်းပါးနံရံ၌ မြေတူးစဉ် မြေပြိုကျပြီး နှစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ် ပိုင်ရမ်းကျေးရွာမှ ရွာသူ၊ ရွာသား ၃၀ ခန့်သည် ရွာတွင်းလမ်းမြေဖို့ရန်အတွက် ပိုင်ရမ်းရွာ တောင်ကြား တောင်ကမ်းပါးနံရံ၌ မြေတူးနေစဉ် ညနေ ၄ နာရီခွဲခန့်တွင် ရုတ်တရက်မြေပြိုကျပြီး ရွာသားနှစ်ဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဧရာဝတီဘဏ်လီမိတက်၊ မုံရွာဘဏ်ခွဲ ကို ၂၂.၂.၂၀၁၁ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကုန်သည်ကြီးများအသင်း (မုံရွာမြို့)
ဥဧရာပအာရှကော်မာရှယ်လီမိတက် (မုံရွာ)
"ရွှေ"အုပ်စုကုမ္ပဏီလီမိတက်

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာ နာမည်ကျော်ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအား တစ်နေရာတည်းတွင်စုံလင်စွာ လေ့လာခွင့်ရမည့်

# Education, Living & Health Care Exhibition

25.2.11 To 28.2.11 ပြခန်းနေရာ- Jade Crown Ph: 01-7309 8593, 7313 8593 တာမွေအောင်ဆန်းကျောက်ကွင်းမြို့


## လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မတို့၏ ၃၀-၁-၂၀၁၁ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် အရံ၊ ပန်းကြဲ၊ ဗန်းကိုင်များအဖြစ် ဆောင်ရွက်ပေးကြသော ဗိုလ်ကြီး ကျော်ကျော်လင်း၊ ဒေါက်တာရဲလင်းမောင်၊ မဇေကရီထွန်း၊ မခင်ဖြူမေဦး၊ မဖြူမွန်မွန်သိန်း၊ မခင်ယုယထွန်း၊ မဥမ္မာကျော်နှင့်တကွ ပါဝင်ကူညီပေးခဲ့သော မိတ်ဆွေသူငယ်ချင်းများအားလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**မောင်ဘုန်းမြတ်ဆွေ-မဝတ်ရည်ဝင်း**





**တိုက်ခန်းရောင်းမည်**

စမ်းချောင်း၊ မြင့်မိုရ်လမ်း၊ မြေညီ ပေ(၁၅×၅၅) ပါကေးခင်း၊ အခန်းဖွဲ့ပြီး၊ ဖုန်းပါ၊ ရေ မီး အစုံ

**ဖုန်း-၀၉-၅၀၆၉၈၇၀
၀၉-၅၀၆၉၈၆၇**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

တိုယိုတာဒိုင်နာ၊ ၁၄ ပေ၊ ခေါင်းကျယ်၊ 13/B၊ Titan တန်၊ အနက် 6A- လိုင်စင်ဝင်ပြီး ရောင်းဈေးသိန်း၂၂၀

**ဖုန်း-၀၁-၅၀၇၃၆၃၊
၀၁-၇၃၀၅၉၅၈၉**


ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

## အင်ဒိုနီးရှားတွင် ကူးတို့သင်္ဘောမီးလောင်

**ဂျကာတာ ဖေဖော်ဝါရီ ၈**

အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာ၏ကမ်းလွန်ပင်လယ်ပြင်တွင် အင်္ဂါနေ့နံနက် စောစောပိုင်းက ခရီးသည်တင်ကူးတို့ သင်္ဘောတစ်စင်း မီးလောင်ခဲ့ရာ လိုက်ပါလာသော ခရီးသည် ၂၀၀ ကျော်ကို ကယ်တင်ခဲ့ရကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စင်ကာပူနိုင်ငံ၏တောင်ဘက် ဘာတန်ကျွန်းသို့ မောင်းနှင်လာသော အဆိုပါ ကူးတို့သင်္ဘောသည် ဂျကာတာမြို့၏ မြောက်ဘက် ၁၆ မိုင်အကွာ ဒေသစံတော်ချိန် နံနက် ၃နာရီ ၃၅မိနစ်၌ မီးလောင်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘန်ဘန်းအာဘန်က ပြောသည်။

မီးကို မိနစ် ၉၀ကြာ ငြိမ်းသတ်ခဲ့ရပြီး သင်္ဘောပေါ်ပါ ခရီးသည် ၂၂၅ ဦးစလုံးကို ဘေးကင်းစွာ ကယ်တင်နိုင်ကြောင်း အာဘန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

သင်္ဘောမီးလောင်ရသည့်အကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**မီးလောင်သော သင်္ဘောပေါ်မှ ကယ်တင်လာသည့် ခရီးသည်များကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ချီလီအမျိုးသမီးတစ်ဦး၏ ပုံးခြိမ်းခြောက်မှုကြောင့် လေယာဉ်ခရီးစဉ်တစ်ခု ဖျက်သိမ်းခဲ့ရ

**ဆန်တီယာဂို ဖေဖော်ဝါရီ ၈**

ချီလီနိုင်ငံ၌ ခရီးသည် ၃၀၀ကျော်လိုက်ပါမည့် လေယာဉ်တစ်စီးသည် ခရီးစဉ်စတင်ခြင်းမရှိမီ ဗုံးခြိမ်းခြောက်မှုတစ်ရပ်ကြောင့် ခရီးသည်များကို အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများတွင် ဖော်ပြသည်။

ဂရေ့စ်ဂွါဂျာဒိုဆိုသူ ချီလီအမျိုးသမီးတစ်ဦးက ၎င်း၏ ယောကျ်ားလေးမိတ်ဆွေ ယင်းလေယာဉ်ဖြင့် လိုက်ပါခြင်းမရှိစေရန် ဟန်ဆောင်ဗုံးခြိမ်းခြောက်မှုတစ်ရပ် လုပ်ဆောင်ခဲ့ရာမှ ယင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ကြောင်း ချီလီအာဏာပိုင်များက ပြောကြားသည်။

ဂွါဂျာဒို၏ ယောကျ်ားလေးမိတ်ဆွေသည် ခရီးသည်တင်သင်္ဘောတစ်စင်း၌ စားပွဲထိုးအဖြစ် ကာလရှည် အလုပ်လုပ်ရန် စပိန်နိုင်ငံ မဒရစ်မြို့သို့ အိုက်ဘေးရီးယားလေကြောင်း လိုင်းခရီးစဉ် အမှတ် ၆၈၃၀ ဖြင့် သွားရောက်မည့်သူဖြစ်သည်။

ဂွါဂျာဒို၏ ဗုံးခြိမ်းခြောက်မှုကြောင့် ၎င်း၏ယောကျ်ားလေးမိတ်ဆွေသည် ချီလီနိုင်ငံ၌ ကျန်ရစ်ခဲ့သော်လည်း ကျန်ခရီးသည် ၃၁၁ဦးမှာ ၎င်းတို့၏ မူလခရီးစဉ်များကို ရွှေ့ဆိုင်းခဲ့ကြရသည်။

ဂွါဂျာဒိုကိုဗုံးခြိမ်းခြောက်မှုဖြင့် တရားစွဲဆိုထားပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၆၁ ရက် ကျခံရမည်ဖြစ်သည်။ တရားသူကြီးများက ဂွါဂျာဒို၏အမှုတွင် ပြစ်ဒဏ်ကြီးလေးမည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစီရင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။ **အင်တာနက်။**

## ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ရဲယာဉ်တန်းအား ဗုံးခွဲတိုက်ခိုက်

**ပက်ရှ်ဝါ(ပါကစ္စတန်) ဖေဖော်ဝါရီ ၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အင်္ဂါနေ့က အသုံးမပြုတော့သည့် လုံခြုံရေးစစ်ဆေးရေးစခန်းတစ်ခုတွင် ဗုံးဖောက်ခွဲခဲ့ပြီး အဆိုပါအခင်းဖြစ်ပွားသည့်နေရာသို့သွားသည့် ရဲယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ရာ အရာရှိတစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

ပက်ရှ်ဝါမြို့အနီး စစ်ဆေးရေးကင်းစခန်း၌ ပထမဆုံးဗုံး ပေါက်ကွဲမှုတွင် ထိခိုက်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းစစ်ဆေးရေးစခန်းကို လွန်ခဲ့သောနှစ်က ဗုံးခွဲတိုက်ခိုက်ခံ ရပြီးကတည်းက ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ သို့သော် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ ရဲတပ်ဖွဲ့ဝင်များ အလျင်အမြန်ထွက်ခွာလာစဉ် အဝေးထိန်းစနစ်ဖြင့် လမ်းဘေးဗုံးကို ဖောက်ခွဲခဲ့ပြီး တာဝန်ရှိသူများအား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းဖြစ်စဉ်တွင် တာဝန်ရှိကြောင်း မည်သည့်အဖွဲ့ကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း တာလီဘန်နှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွအဆက်အသွယ်များက ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ ယင်းကဲ့သို့ တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ***အေပီ။***

## ယီမင်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စင်းပျက်ကျ

**အေဒင်(ယီမင်) ဖေဖော်ဝါရီ ၈**

ယီမင်နိုင်ငံ လိုဒါးမြို့အနီး၌ အမေရိကန် မောင်းသူမဲ့လေယာဉ်ဟု ယူဆရသည့် လေယာဉ်တစ်စင်း အင်္ဂါနေ့က ပျက်ကျခဲ့ရာ အယ်လ်ခိုင်ဒါများက ယင်းလေယာဉ်အပျက်အစီးများကို ယူဆောင်သွားကြသည်ဟု ရဲအရာရှိတစ်ဦးနှင့် မျက်မြင်များက ပြောကြားသည်။

ယင်းမောင်းသူမဲ့လေယာဉ်သည် အယ်လ်ခိုင်ဒါအဖွဲ့ အင်အားကောင်းသည့် အေဗျန်ပြည်နယ် လိုဒါးမြို့အနီး ဂျာဟာယန်ကျေးရွာ၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး ဒေသခံတို့က အပျက်အစီးများကို တွေ့ရှိခဲ့ကြခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ပြောကြားခဲ့သည်။

### အကြောင်းကြား

ထိုလေယာဉ်အပျက်အစီးများကို ကောက်ယူစုဆောင်းကြသည့် ဒေသခံများက ရဲတပ်ဖွဲ့ကို ဖုန်းဆက်အကြောင်းကြားခဲ့သည်။

ဒေသခံများက အဆိုပါအပျက်အစီးများကို ၁၈ မိုင်ဝေးသည့် ရဲစခန်းသို့ သွားရောက်ပို့ဆောင်စဉ် လက်နက်ကိုင် အယ်လ်ခိုင်ဒါ စစ်သွေးကြွများက ကြားဖြတ်လုယူသွားခဲ့ကြသော်လည်း ထိခိုက်သေဆုံးမှုမရှိဟု ဆိုသည်။

ပျက်ကျခဲ့သည့် မောင်းသူမဲ့လေယာဉ်သည် ထောက်လှမ်းရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သကဲ့သို့ ဒုံးကျည်များ တပ်ဆင်၍လည်း ပစ်ခတ်နိုင်သည့် "ပရီဒေတာ" အမျိုးအစား ဖြစ်သည်။ ***အေအက်ဖ်ပီ။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြင့်မားသော တောင်ကုန်းတောင်တန်းများနှင့် နက်ရှိုင်းသော ချောင်းမြောင်းတို့ကြောင့် ဆက်သွယ်သွားလာရေးခက်ခဲသည့် ချင်းပြည်နယ်၌ နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော တံတားသစ်များ အစီအရီ ပေါ်ထွန်းခဲ့ရာ တီးတိန်မြို့နယ်မှ မံဆောင်းတံတားကို ဤသို့တွေ့ရစဉ်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်**

**ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ချင်းပြည်နယ်တစ်ခွင်**

သတင်းနှင့် ဓာတ်ပုံ - စာမျက်နှာ ၆၊ ၇

## (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု


ထွန်းလင်းလတ်၏
“နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို မှန်ကန်စွာမွေးကြစို့” ဆောင်းပါး - စာမျက်နှာ ၈၊ ၉
ဦးအောင်မွန် (မဟာဝိဇ္ဇာ)၏ “ထာဝရမော်ကွန်း” ကဗျာ - စာမျက်နှာ ၈
သုန်နဒီ၏ “စည်းလုံးညီညွတ်ကြ” ကာတွန်း - စာမျက်နှာ ၈၊ ၉
ရေနံ့သာမောင်ကျော်ညွန့်၏ “အမေတူဖွား တစ်မိသား” ကဗျာ - စာမျက်နှာ ၉